**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**ကြေညာချက်အမှတ်၊ ၅ / ၂၀၂၃**

**၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁ ရက်**

**(၂၀၂၃ ခုနှစ်၊ မေ လ ၁၉ ရက် )**

အကြောင်းအရာ။ **ကြော်ငြာစာအမှတ်၊(၂/၂၀၂၃)တွင်ပါရှိသော ဆရာဝန်(သရုပ်ပြ)နှင့် ဆရာဝန် (သွားနှင့်ခံတွင်း)ရာထူး(၁၂၇)နေရာအတွက်လျှောက်လွှာပိတ်ရက်ကာလ တိုးမြှင့် သတ်မှတ်ကြောင်းကြေညာခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၃ - ၄ - ၂၀၂၃ ရက်စွဲပါကြော်ငြာစာအမှတ်(၂/၂၀၂၃)ဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ လစ်လပ်ရာထူး(၁၉၉)နေရာအတွက် လျှောက်လွှာပိတ်ရက်ကို (၁၀-၅-၂၀၂၃) ရက်နေ့သတ်မှတ်၍ ၄-၄-၂၀၂၃ နှင့် ၅-၄-၂၀၂၃ ရက်နေ့များ၌ မြန်မာ့အလင်း၊ ကြေးမုံနှင့်မြဝတီ သတင်းစာတို့တွင် ကြော်ငြာခေါ်ယူခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါ ကြော်ငြာစာအမှတ်၊(၂/၂၀၂၃)မှ လစ်လပ်ရာထူး(၁၉၉)နေရာတွင် ကျန်းမာရေး ဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆရာဝန်(သရုပ်ပြ)နှင့်ဆရာဝန် (သွား နှင့်ခံတွင်း)ရာထူး(၁၂၇)နေရာအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ညှိနှိုင်းချက်အရ **လျှောက်လွှာ ပိတ်ရက်ကို ၁၉ - ၅ - ၂၀၂၃ ရက်နေ့မှ စတင်၍ ၂-၆-၂၀၂၃ ရက်နေ့အထိ တိုးမြှင့် သတ်မှတ်ထား ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**

၃။ ဤကြေညာချက်ကို လျှောက်ထားသူများအနေဖြင့်ယခင်လျှောက်ထားသည့်ပုံစံ (Manual)ဖြင့် ပေးပို့လျှောက်ထားနိုင်သည့်အပြင် **Online** မှလည်း လျှောက်ထားနိုင်ကြောင်းကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ **Website** ဖြစ်သည့် **www.ucsb.gov.mm** နှင့် **Myanmar National Web Portal** ဖြစ်သော **www. myanmar.gov.mm**တို့တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး အခြားစုံစမ်းမေးမြန်း ရန်ရှိပါကပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်(ဖုန်း၊၀၆၇-၃၄၀၉၀၅၂၊ ၀၆၇- ၃၄၀၉၄၃၀၊ ၀၉-၄၂၄၄၀၈၉၅၄၊ ၀၉-၄၂၀၇၀၆၆၀၅၊ ၀၉-၄၂၀၇၀၆၆၀၆၊ ၀၉-၇၉၇၇၂၇၆၉၆၊ ၀၉- ၄၄၁၉၃၇၃၄၃၊ ၀၉-၂၆၂၅၀၂၉၈၈)သို့ **ရုံးချိန်အတွင်း** ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**